# အမျိုးသားကျန်းမာရေးမူဒါဒ (၁၅) ချက်

၁။ နိုင်ငံသားအားလုံး ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေမည့် "အားလုံးကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ" ရည်မှန်းချက်ကိုရရှိစေရန်၊ အမျိုးသားကျန်းမာရေးစီမံကိန်းများရေးဆွဲပြီး ကျန်းမာရေးလုပ်ငန်းများကို ပဏာမကျန်းမာရေး စောင့်ရှောက်မှုကို အခြေခံ၍ အကောင်အထည်ဖော်ရန်၊

၂။ မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံးလူဦးရေ ပမာဏရရှိစေရေးအတွက် အမျိုးသားလူဦးရေမူဝါဒ အတိုင်း လိုက်နာဆောင်ရွက်ရန်၊

၃။ ပြည်တွင်း၌ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း၊ လူအင်အားကို ရေရှည်ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ မွေးထုတ်ရန်၊

၄။ ဆေးဝါးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော တည်ဆဲဥပဒေများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်၊

၅။ သမဝါယမ၊ ဖက်စပ်၊ ပုဂ္ဂလိကများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးကဏ္ဍများကို ပြောင်းလဲနေသော စီးပွားရေးမူဝါဒနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် တွန်းအားပေးရန်၊

၆။ ကျန်းမာရေးအသုံးစရိတ် ရန်ပုံငွေရှာဖွေရေး နည်းလမ်းသစ်များကို ဖော်ထုတ်ဆောင်ရွက်ကြရန်၊

၇။ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဆက်နွယ်မည့် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်ရန်၊

၈။ ကျန်းမာရေးနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများကို အခါအားလျော်စွာ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၉။ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လေထုနှင့်ရေထု ညစ်ညမ်းမှု ကာကွယ် ထိန်းသိမ်းရေးကိုပါ တိုးချဲ့ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံသားများ၏ ကြံ့ခိုင်မှု တိုးတက်မြင့်မားလာစေရန် အားကစားနှင့် ကာယပညာလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်စေခြင်း၊ ပြည်သူလူထုမှ တက်ကြွစွာ ပါဝင်လာစေရန် တွန်းအားပေးခြင်း၊ ထူးချွန်သော အားကစားသမားများကို ချီးမြှင့်အားပေးခြင်းနှင့် ရိုးရာအားကစား နည်းပညာများကို ပြန်လည်ဖော်ထုတ် ခြင်းတို့ကို ဆောင်ရွက်ရန်၊

၁၁။ ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရာတွင် လက်တလော တွေ့ကြုံနေရသော ကျန်းမာရေးပြဿနာများကို သုတေသနပြုသည့်အပြင် ကျန်းမာရေးလုပ်ငန်းစနစ် သုတေသနကိုလည်း အရေးပေးဆောင်ရွက်ရန်၊

၁၂။ ကျန်းမာရေးလုပ်ငန်းများတိုးချဲ့ရာတွင် တိုင်းပြည်၏လိုအပ်ချက်များကိုဖြည့်စွမ်းနိုင်ရေးအတွက် ကျေးလက်ဒေသများသာမက မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများကိုလည်း အထူးဦးစားပေးဆောင်ရွက် ရန်၊

၁၃။ နိုင်ငံတွင်း၌ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာပြဿနာများအတွက် ကာကွယ်ကုသရေးလုပ်ငန်းများကို ကြိုတင်စဉ်းစား စီမံထားရန်၊

၁၄။ မြန်မာ့တိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသည်အထိ ဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

၁၅။ အမျိုးသားကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ရန်၊